# သဘာဝဘေးလျော့ပါးရေးကြိုတင်ပြင်ဆင်ပေး-စည်းစနစ်နှင့်ဆောင်ရွက်ရေး

သဘာဝဘေးလျော့ပါးရေးကြိုတင်ပြင်ဆင်ပေးဆိုသည့် ခေါင်းစဉ်နှင့်ဆောင်းပါးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ကြာသပတေးနေ့တွင် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာတွင် ရေးသားဖော်ပြပြီးဖြစ်သည်။ ထို့အတူ သဘာဝဘေးနှင့်သက်ဆိုင်သော ဆောင်းပါးများကိုလည်း မကြာခဏ ရေးသားဖော်ပြပြီးဖြစ်သည်။

အဆိုပါ"သဘာဝဘေးလျော့ပါးရေးကြိုတင်ပြင်ဆင်ပေး'ခေါင်းစဉ်ဆောင်ပုဒ်သည် သဘာဝဘေးကြောင့်လူ့အသက်အိုးအိမ်စည်းစိမ်နှင့်တကွ နိုင်ငံစီးပွားရေးထိခိုက်ပျက်စီးမှုလျော့ပါးစေရန် အလွန်အရေးတကြီးလုပ်ဆောင်ရမည့်လုပ်ငန်းဆောင်ပုဒ်ဖြစ်သည်။ထိုသို့လုပ်ဆောင်ရာတွင် စည်းစနစ်ကျနစွာ ဆောင်ရွက်မှသာ ထိရောက်မှုရှိပေမည်။ ထိုသို့ စည်းစနစ်ထိရောက်စွာ ဆောင်ရွက်ကြမည်ဆိုလျှင် သဘာဝဘေးဒဏ်ကို ခံစားနေရသည့် ဘေးသင့်သူများဘဝအနေအထားမှ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံစွမ်းဆောင်ရှင်များဘဝသို့ပြောင်းလဲသွားသည်အထိရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ တနည်းအားဖြင့် အမြဲခြောက်လှန့်နေသည့် သဘာဝဘေးတုန့်ပြန်မှုတွင် ထိရောက်သော ဆောင်ရွက်မှု ရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သဘာဝဘေးလျော့ပါးရေးကဏ္ဍတွင် စည်းစနစ် လိုအပ်သည်။ စည်းစနစ် သည် သဘာဝဘေးလျော့ပါးရေးအတွက် အဓိကသော့ချက်ဖြစ်သည်။ သဘာဝ ဘေးမှပျက်စီးမှုအဆုံးအရှုံးများ လျော့နည်းရန် အဓိကဖြစ်သည်။ ဥပမာ(၁) -ငလျင်ဘေးတွင် "ငလျင်ကြောင့်လူမသေ၊ လူနေသောတိုက်များငလျင်ဒဏ်မခံနိုင်၍ ပြိုကျရာမှ လူသေရခြင်း" ဖြစ်သည်။ ထိုအခါတိုက်တာအဆောက်အဦနှင့်လူ့ပတ်ဝန်းကျင်ရှိအဆောက်အအုံများငလျင်ဒဏ်ခံအဆောက်အအဦ၊ အဆောက်အအုံဆောက်လုပ်ထားလျှင်ငလျင်၏တုန်ခါမှုဒဏ်ခံနိုင်ရည်ရှိလာပြီးပျက်စီးနိုင်မှုနည်းပါးသွားမည်ဖြစ်သည်။ဥပမာ(၂)ရေကြီးရေလျှံမှုဘေးတွင်လည်းနှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်လာခြင်းတွင် မြစ်ကြောင်းများတလျှောက် ရေကာတာများ၊ ငလျင်ဒဏ်ခံဆောက်လုပ်ထားလျှင် မြစ်အထက်ပိုင်းဆီမှ မြစ်ရေမြင့်တက်ခြင်းဖြင့် စီးဆင်းလာသောရေအလုံးအရင်းအရှိန်ကို တားဆီးဖြေလျော့နိုင်ပြီး မြစ်ကြောင်း တလျှောက်ရေလျှံ/ရေကြီးများလည်းလျော့ပါးစေမှာဖြစ်သည်။ဥပမာ(၃)မြေပြို/တောင်ပြိုခြင်းဘေးတွင်လည်းတောင်ပေါ်တွင်နေထိုင်ကြသူများအပါအဝင်မြေပြို/တောင်ပြိုစေနိုင်သောမြစ်ကမ်းပါးနေထိုင်သူများအားသက်ဆိုင်ရာဌာနများမှမြေနေရာရွေးချယ်ပေးခြင်းခိုင်ခန့်သောအဆောက်အဦဆောက်လုပ်ခြင်းပေးရမည်။ Sendai Framework ဦးစားပေး (၄)ရပ်အရ

(က) သဘာဝဘေးအမျိုးမျိုးတွင် သဘာဝဘေးတစ်မျိုးချင်းစီ၏ ဘေးဖြစ်လာရခြင်းအကြောင်းရင်း သဘောသဘာဝကို သိရှိနားလည်ထားရမည်။ (understanding)

(ခ) သဘာဝဘေးစီမံခန့်ခွဲမှုကဏ္ဍတွင် ထိရောက်စွာလုပ်ဆောင်ရမည်။ (Strengthening)

(ဂ) သဘာဝဘေးလျော့ပါးစေရေးအတွက်ခိုင်ခန့်သောပတ်ဝန်းကျင်ဖြစ်လာစေရန်ငွေကြေးထောက်ပံ့မှု ရှိရမည်။ (Investing)

(ဃ) ထိရောက်သော သဘာဝဘေးတုန့်ပြန်မှုရရှိစေရန် သဘာဝဘေးကြိုတင်ပြင်ဆင်မှုကဏ္ဍအား တိုးမြှင့်ဆောင်ရွက်ထားရမည်။ (Enhancing)

စည်းစနစ် သည်သက်ရှိတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး၊ စီးပွားရေးအစရှိသည့်ကဏ္ဍတိုင်း (Sectors) တွင် ပျက်စီးမှုမရှိစေရေးကို အခြေခံသည်ဖြစ်၍ ကြံ့ခိုင်သော အဆောက်အဦးနှင့် အဆောက်အအုံဖြစ်ရန် အဓိကအကျဆုံးသော့ချက်ဖြစ်သည်။

စည်းစနစ် ရှိရခြင်းအကြောင်းရင်းသည် သဘာဝဘေးမှသက်ရှိတို့၏ အသက်ဆုံးရှုံးရခြင်းနှင့် ၎င်းတို့၏ပတ်ဝန်းကျင်ပျက်စီးခြင်းများလျော့နည်းအောင်စက်ယန္တရားကြီးတစ်ခုလည်ပတ်ပေးနေရသည့်ဘီးတစ်ခုကဲ့သို့ပင် အဓိကကျသော လုပ်ဆောင်ချက်ဖြစ်သည်။

"သဘာဝဘေးလျော့ပါးရေးကြိုတင်ပြင်ဆင်ပေး" အတွက် လုပ်ဆောင်ချက်မှန်သမျှအားလုံး (activity)သည်စည်းစနစ်ရှိပေးရမည်။သဘာဝဘေးအမျိုးမျိုးတို့သည်ယနေ့ကာလ၌ကမ္ဘာကြီးပူနွေးလာရခြင်းအကျိုးဆက်အနေဖြင့် ယခင်ထက်ပို၍ ဘေးကျရောက်ခြင်း၊ ပို၍များပြားလာနေသည့်အခါ ဘေးသင့်မှုက အကြိမ်ည်းပို၍ ကြုံတွေ့ခံစားလာကြရသည်။ သိပ္ပံပညာရှင်များကလည်း သုတေသနပြုလုပ်ဆောင်ချက်များပို၍ ကြိုးစားပြုလုပ်နေလျက်ရှိသည်။

စည်းစနစ် သည်သာလျှင် ထက်မြက်သော လက်နက်သဖွယ် ရည်ရှည်တည်တန့်ခိုင်မြဲသော လူမှုအဖွဲ့အစည်း အဖြစ် ရပ်တည်စေနိုင်မှာဖြစ်သည့်အပြင် နိုင်ငံတနိုင်ငံ၏ နိုင်ငံသားများအား သဘာဝဘေးလျော့နည်းအောင် ကာကွယ်တားဆီးနိုင်မှာဖြစ်သည်။

သဘာဝဘေးစည်းစနစ်တွင်အောက်ပါအချက်အလက်များပါဝင်ရမည်။

သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ နှင့် ပျက်စီးနိုင်မှု ကိုနိုင်ငံတဝှမ်းစစ်တမ်းကောက်ယူထားရမည်။ သဘာဝဘေးစီမံခန့်ခွဲမှုကိုလည်း ကျေးရွာရပ်ကွက်အဆင့်-တိုင်းအဆင့်မှ အမျိုးသားရေးအဆင့်ထိ စီမံကိန်းများရှိထားရမည်။ လုပ်ဆောင်ချက်အဆင့်ဆင့် ချမှတ်ထားရမည်။

(၁) ဥပမာ-ငလျင်ဘေးအတွက် ငလျင်၏ပမာဏနှင့်ပြင်းအား၊ ငလျင်ဒဏ်ခံစားစေနိုင်မည့်ဒေသ၊ လူနှင့်တကွ တိရိစ္ဆာန်အဆောက်အဦးအဆောက်အအုံပျက်စီးနိုင်မည့် အလားအလာ၊ သီးနှံ+သောက်သုံးရေ စစ်တမ်းပြုစု ထားရမည်။ လူကုန်ကူးခြင်းများလည်း ပါဝင်သည်။

(၂) ဒေသအလိုက် ပျက်စီးမှု အခြေအနေ (risk) အချက်အလက်များ ခံနိုင်စွမ်းအား အခြေအနေ (Vulnerability) အချက်အလက်များ ပြုစုထားရမည်။

(၃) ဗြိုလ်တုပုံရိပ်များအသုံးပြု၍ GIS နည်းပညာဖြင့် ၎င်းတို့ကို GIS နည်းပညာဖြင့် အချက်အလက်ပြည့်စုံစွာ မြေပုံများ အဆင်သင့်လက်ဝယ်ရှိထားရမည်။ မြေပုံများကို ရရှိပြီးသည့်အခါ ဘေးသင့်ဒေသများအတွက် လိုအပ်သော relief , emergency response အစရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု Disaster management အတွက် အလျင်အမြန်ထိရောက်စွာ လုပ်ဆောင်နိုင်ပေမည်ဖြစ်သည်

သဘာဝဘေးစီမံခန့်ခွဲမှုတွင်တစ်ဦးချင်းတစ်ယောက်ချင်းအဖွဲ့အစည်းတစ်ဖွဲ့ချင်းအလိုက်လုပ်ဆောင်နိုင်မည်မဟုတ်သော လုပ်ငန်းကြီးဖြစ်၍အားလုံးပူးပေါင်း လက်တွဲခြင်းစနစ်အောက်တွင် အတူတကွ လုပ်ဆောင်နိုင်ရန်ကူညီပေးသွားရမည်။

လွန်ခဲ့သော (၂၅)နှစ်ခန့်မှစ၍ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲတိုင်းနိုင်ငံများချမ်းသာကြွယ်ဝသောနိုင်ငံများတွင် ဘေးဖြစ်ပျက်မှုနှုန်း ပိုမိုများပြားလာခဲ့သည်။ ယနေ့ကာလတွင် သဘာဝဘေးအန္တရာယ်ခံစားနိုင်ခြေသည် ယခင်ထက်ပိုလာမည့်အပြင် အထားအားဖြင့် ဖွံ့ဖြိုးဆဲတိုင်းနိုင်ငံများတွင် ယခင်ထက်ပိုမိုခံစားနေရသည်။

Sendai Framwork (2015-2030) ၏ ဦးစားပေး ကဏ္ဍ(၄)ရပ်သည် တွန်းအားအားပေးသည့်လုပ်ဆောင်မှုဖြစ်လာနိုင်သည်။စည်းစနစ်သည်ခိုင်ခန့်သောအဆောက်အဦးဆောက်လုပ်ရေး (Build Back Better) အတွက် အဓိကသော့ချက် ဖြစ်သည်။

အဘယ်ကြောင့် စည်းစနစ် လိုအပ်ပါသလဲ

(၁) သဘာဝဘေးများအား ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်

(၂) Sendai Framework (၄)ချက်၏ ခိုင်ခန့်သော အဆောက်အဦများဆောက်လုပ်ရေးအတွက်

(၃) Sendai Framework (၄)ရပ်အရ ရည်မှန်းချက် (target) ပြီးပြည့်စုံရန်

အထက်ပါ အချက်များပြုလုပ်တော့မည်ဟုဆိုလျှင် ကြိုတင်ပြင်ဆင်ခြင်း တွင် ပြောင်းလဲမှုဖြစ်ပြီဟု ဆိုရမည်။ စည်းစနစ် သည် သဘာဝ ဘေးအပျက်အစီးဆုံးရှုံးမှုများ လျော့နည်းရန် ယန္တရားဖြစ်သည်။ ကြံ့ခိုင်သော လူမှုအဖွဲ့အစည်းဖြစ်စေရန် ကြိုတင်ပြင်ဆင်ခြင်းသည်။ နိုင်ငံ(သို့) အဖွဲ့အစည်း၏ကဏ္ဍစုံအတွက် လိုအပ်သည်။ သို့မှသာ သဘာဝ ဘေးကြောင့် လူမှုရေး၊ စီးပွားရေး၊ လူ့ပတ်ဝန်းကျင်ဆိုင်ရာကိစ္စအရပ်ရပ်တို့တွင် ပျက်စီးဆုံးရှုံးမှု လျော့နည်းမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုသည် နားလည်ရုံ၊ သိထားရုံသက်သက် မဟုတ်၊ ကျွန်ုပ်တို့အပါအဝင် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးအား ပြောင်းလဲလိုက်ရန်အတွက် ဖြစ်သည်။ မည်သို့ပြောင်းလဲလိုက်ရမည်နည်းဆိုရာတွင် လူသားအားလုံးသည်သဘာဝဘေးဒဏ်ခြောက်လှန့်မှုခံစားနေရသူများအဖြစ်မှစွမ်းဆောင်နိုင်သူ များအဖြစ်သို့ ပြောင်းလဲရန်ဖြစ်သည်။

အထက်တွင် ဖော်ပြပြီးသည့်အတိုင်းယခုအခါ သဘာဝဘေးများဖြစ်ပျက်မှုနှုန်း ပိုမိုများလာခြင်း၊ ထိခိုက်မှုပိုမိုကြီးမားခြင်း၊ ပျက်စီးမှုအတိုင်းအတာနယ်ပယ် ပိုမိုကျယ်ဝန်းလာခြင်းဖြစ်ရပ် များကို အားလုံးမြင်တွေ့သိရှိထားပြီးသဘာဝကို အံတုနေရဆဲဖြစ်သည်။

လှလှအောင်

မြန်မာနိုင်ငံလျှင်ကော်မတီ